
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 1911 - 1930)
စာစဉ်–၉၈

## အပိုင်း ( ၁၉၁၁ )

" ဆရာသခင် ဟောင်ထျန်း စိတ်မဆိုးပါနဲ့ အစီရင်အလံတွေကို ငါတို့မ ထိန်းချုပ်တာ မဟုတ်ပါဘူး၊ ဆရာသခင်ရဲ့ ခွဲခြမ်းစိတ်ဖြာပုံနဲ့ အစီရင်အလံ တွေကို ပြုလုပ်ပုံက အရမ်းကို မြန်ဆန်လွန်းလို့ပဲ၊ ငါတို့ အချိန်မှီ တုံ့ပြန်ဖို့ အတွက် မလုပ်နိုင်ဘူး "

ချင်းချန် ဆရာသခင်ဟောင်ထျန်း၏ ဒေါသတကြီးအော်သံကို ပြန်လည်၍ ရှင်းပြလိုက်၏။

ဆရာသခင် ဟောင်ထျန်း မူလက ဒေါသများနှင့် ပြည့်နှက်နေသော်လည်း ချက်ချင်းပင် သူ၏ မျက်နှာက ဂုဏ်ယူသောအပြုံး ထွက်ပေါ်လာသည်။

" ဟမ့် မင်းမှာအမြင်တချို့ရှိနေသေးတာပဲ "

" ဒီအဘိုးကြီးရဲ့ အစီရင်ချိုးဖျက်နေတဲ့ နည်းလမ်းကို မင်းဘယ်လိုလုပ် နားလည်မှာလဲ၊ နားလည်စရာလည်း မလိုဘူး၊ ဒီအဘိုးကြီး သတ်မှတ်ထား တဲ့ အစီရင်အလံတွေကို ထိန်းချုပ်ပေးဖို့ပဲလိုတယ် "

ဟောင်ထျန်းသည် ချင်းချန်နှင့် ဖုချန်းဂေါင်တို့အား လျောင်ပြောင်စွာ ပြောဆိုလိုက်၏။ ချင်းချန်တို့သည် ပြန်လည်တုံ့ပြန်ခြင်းမရှိပဲ ချက်ချင်းပင် ဆရာသခင်ဟောင်ထျန်း၏ ချမှတ်ထားသော အစီရင်အလံ ဆယ်ခုနီးပါးကို ထိန်းချုပ်ရန်အတွက် အရှေ့သို့ တိုးလာသည်။

ဟောင်ထျန်း ချက်ချင်းပင် ရုတ်တရက် သူ့ပေါ်သို့ ကျရောက်နေသော

ခွန်အားများအားလုံးက လျော့ကျသွားသည်ဟု ခံစားလိုက်ရ၏။ ထို့နောက် သူ၏လက်ကိုဟွေ့ရမ်းကာ အစီရင်အလံသစ်များကို ထပ်မံ၍ ပြုလုပ်တော့သည်။

" အုန်း အုန်း အုန်း အုန်း အုန်း "

တားမြစ်အစီရင်က ပြင်းထန်စွာ ဆက်တိုက်ကို တုန်ခါနေ၏။

အစီရင် ပညာရှင် ဟောင်ထျန်းသည် အစီရင်အလံများကို မပစ်လွှတ်ခင် အသက်ရှူချိန် အနည်းငယ်ခန့် ကြာအောင် စဥ်းစားပြီးမှ ဆက်တိုက်ကို အစီရင်အလံများ ပစ်ထုတ်နေသည်။

ချင်းချန်နှင့် ဖုချန်းဂေါင်တို့က ဟောင်ထျန်း၏ အနောက်မှလိုက်၍ အစီရင်အလံများကို တည်ငြိမ်သွားအောင် ထိန်းချုပ်ပေးရန်သာ လိုအပ်၏။

" ဟမ့် ဒီလူနှစ်ယောက်က အစီရင်အလံတွေကို တည်ငြိမ်အောင် ထိန်းချုပ်တာက တော်တော်လေးတော့ ကောင်းသားပဲ "

ပထမက ဟောင်ထျန်း ချင်းချန်နှင့် ဖုချန်းဂေါင်တို့အား သူ၏ အရှိန်ကို မလိုက်နိုင်မည်ကို စိုးရိမ်သော်လည်း နောက်ပိုင်းတွင် သူတို့နှစ်ယောက်က အလွန်အမင်း ကျွမ်းကျင်မှုရှိကြောင်းကို တွေ့ခဲ့ရသည်။

ပူးပေါင်းကာ လုပ်ဆောင်နေမှုတွင် မှားယွင်းမှု အနည်းငယ်လေးတောင် မရှိသောကြောင့် သူသည်စိတ်သက်သာရာ ရသွား၏။

ထို့နောက် သူ အစီရင် အခြေခံအုတ်မြစ်ကို ခွဲခြမ်းစိတ်ဖြာခြင်း၌ သူ၏ စိတ်နှလုံးအားလုံးကို အကြွင်းမဲ့ နစ်မြုပ်လိုက်၏။ ချင်းချန်နှင့် ဖုချန်းဂေါင်တို့ပေါ်သို့ အာရုံစိုက်ထားခြင်းကို ဖြေလျော့ပစ်လိုက်သည်။

" ချင်းချန် ဒီကောင့်ရဲ့ နည်းလမ်းက ကောင်းတယ်ဆိုပေမဲ့ သူ့ရဲ့အရှိန်နဲ့ဆိုရင် အစီရင်ရဲ့ အခြေခံအုတ် မြစ်တွေ အားလုံးကို ခွဲခြမ်းစိတ်ဖြာဖို့

အနည်းဆုံး နေ့တစ်ဝက်လောက် အချိန်ယူရလိမ့်မယ်၊ ဒါက အရမ်းကို အချိန်ကြာလွန်းတယ် မဟုတ်ဘူးလား "

ဖုချန်းဂေါင် မျက်မှောင်ကြုတ်သွားကာ ချင်းချန်အား စိတ်ထဲမှနေ၍ လှမ်းပြောလိုက်၏။

ဟောင်ထျန်း၏ အစီရင်အလံများ ပစ်လွှတ်သည့်အရှိန်က မနှေးကွေးသော်လည်း နဂါးကိုးကောင်ကဲ့သို့သော အလွန် အားကောင်းသည့် အစီရင်များတွင် အခြေခံအုတ်မြစ်များက သောင်းဂဏန်းကျော် တည်ရှိသည်။ ၎င်းတို့အား တစ်ခုပြီးတစ်ခုသာ ထိန်းချုပ်နေပါက နေ့တစ်ဝက်မပြောနှင့် တစ်ရက်နှင့်ပင် ပြီးဆုံးရန်အတွက် မလွယ်ကူချေ။

ယခုအချိန်တွင် လူတိုင်းက အချိန်ကို လုနေရခြင်း ဖြစ်၏။ ကောင်းကင်ဘုံဧကရာဇ်တောင်၏ တောင်သခင်သာ တစ်စုံတစ်ခု မှားယွင်းသည်ဟု တွက်ဆမိပြီး ပြန်လှည့်လာခဲ့လျှင် အားလုံး ဒုက္ခ ရောက်လိမ့်မည် ဖြစ်သည်။

" သူပြုလုပ်နေတဲ့ နည်းလမ်းက အရှိန်နှေးပေမဲ့ နေ့တစ်ဝက်အတွင်းတော့ အစီရင်ကို ဖြတ်ကျော်နိုင်မယ်ဆိုတာ သေချာတယ်၊ ငါ့အထင် သူက အစီရင်ကို ထိန်းချုပ်နေရုံတင်မကဘူး အခြားနည်းလမ်း အတွေးတွေလည်း ရှိဦးမယ်ထင်တယ် "

ချင်းချန် သူ၏ မျက်လုံးများက ကျဥ်းမြောင်းစွာဖြင့် ပြောလိုက်၏။

ဖုချန်ဂေါင်၏ အစီရင်ပညာရပ်က အားမနည်းသော်လည်း ချင်းချန်နှင့် နှိုင်းယှဥ်လျှင်တော့ ကွာဟချက်အချို့ ရှိသေးသည်။

" အိုး အဲ့တာဆို ငါတို့က အစီရင်အလံတွေကို ထပ်ပြီးတော့ ထိန်းချုပ်ရမှာလား "

ဖုချန်းဂေါင် အံ့ဩစွာဖြင့် ပြန်လည်၍ မေးမြန်းလိုက်၏။

ချင်းချန်၏ စိတ်ဝိညာဉ်စွမ်းအားက ယခုလောက်ထိ အားကောင်းနေမည်ဟု သူမထင်ထားခဲ့ချေ။

" ဟုတ်တယ် အစီရင်ကို ဆက်ပြီးလုပ်နေလိုက် ကျန်တာကို ငါ့တာဝန်ထား "

ချင်းချန်၏ ပါးစပ်ထောင့်တွင် အပြုံးတစ်ခု ထွက်ပေါ်လာခဲ့ပြီး သူ၏လက်တစ်ဖက်တွင် လျှို့ဝှက်သော အစီရင်အင်းကွက်များ ထွက်ပေါ်လာ၏။ ထို့နောက် သူ၏လက်ထဲတွင် ထုတ်ဖော်ထားသော အစီရင် အင်းကွက်သင်္ကေတများက မမြင်နိုင်သော အလင်းတန်းများအဖြစ် ပြောင်းလဲသွားပြီး အစီရင်ထဲသို့ တိတ်တဆိတ် ရောနှောသွားသည်။ ထို့နောက် ဆရာသခင်ဟောင်ထျန်း၏ သန့်စင်ထားသော အစီရင်အလံများထဲသို့ စီးဝင်သွား၏။

ဖုချန်းဂေါင် အံ့ဩသွားသည်။ ချင်းချန်က ဆရာသခင်ဟောင်ထျန်းကို လှည့်စားနေခဲ့သည်လား။

သူ၏ အာရုံထဲ၌ ချင်းချန် ပစ်လွှတ်လိုက်သော အစီရင်အင်းကွက်နည်းစနစ်များကို မည်သည့် နည်းစနစ်ဆိုသည်အား မပြောနိုင်သော်လည်း ချင်းချန်၏ အပြုံးကို ကြည့်ရုံဖြင့် တော်တော်လေးကို ယုတ်မာသည့် နည်းစနစ်ဆိုတာကို ခန့်မှန်းနိုင်သည်။

" အုန်း အုန်း အုန်း "

ထိုအချိန်တွင် နဂါးကိုးကောင်နှင့် တိုက်ပွဲ၌ သတ်ဖြတ်ခြင်း အော်ရာများက ကောင်းကင်သို့တိုင် လွင့်ပျံတက်နေ၏။

မိုဝမ်ရှန်နှင့် သူ၏အဖွဲ့က သတ်ဖြတ်ခြင်း နဂါးကိုးကောင်ကို အောင်မြင်စွာဖြင့် တားဆီးထား နိုင်ခဲ့ကြသည်။

သိပ်သည်းလှသည့် ကြောက်မက်ဖွယ် သတ်ဖြတ်ခြင်း အငွေ့အသက်များန

င့် ကောင်းကင်တာအို စည်းမျဥ်းဥပဒေသ စွမ်းအားအမျိုးမျိုးက ထိပ်တိုက်တွေ့ဆုံနေသည်မှာ အလွန်ပင် ကြောက်စရာကောင်းလှသည့် မြင်ကွင်းဖြစ်၏။ ထိုမြင်ကွင်းက လူတိုင်း၏ မျက်နှာအရောင်ကို ပြောင်းလဲသွားစေသည်။

" ဆရာသခင်ဟောင်ထျန်း အစီရင်ကို ဖျက်ဆီးတာက ဘယ်လောက်လောက် ကြာနိုင်မလဲ "

မိုဝမ်ရှန် တိုက်ခိုက်နေရင်းဖြင့် စိတ်လှုပ်ရှားစွာ လှမ်းမေးလိုက်၏။

ယခုအချိန်တွင် နာရီဝက်ကျော်သွားပြီဖြစ်ပြီး ဆရာသခင် ဟောင်ထျန်းထံမှ မည်သည့်လှုပ်ရှားမှုမှ မရှိသေးပေ။ သူ၏စိတ်ထဲတွင် အနည်းငယ်စိုးရိမ်ပူပန်လာ၏။

" ဘိုးဘေး နီးစပ်နေပြီ ဒါပေမဲ့ အစီရင်က ချိုးဖျက်ဖို့အတွက် တော်တော်လေး ခက်ခဲတာဆိုတော့ နည်းနည်းလေးတော့ စိတ်ရှည်ပေးမှရမယ် "

" နေ့တစ်ဝက်အတွင်း အစီရင်က ပျက်စီးသွားမယ်လို့ အာမခံနိုင်တယ်၊ ဘိုးဘေး ခဏလောက် တောင့်ခံထားပါဦး "

ဆရာသခင် ဟောင်ထျန်း ကမန်းကတန်း ပြောလိုက်၏။

ဤအစီရင်များ၏ ရှုပ်ထွေးမှုက သူထင်ထားသည်ထက် ပိုမို၍ များနေ၏။ ဤအတိုင်းသာ ဆက်သွားနေမည်ဆိုလျှင် သူသတ်မှတ်ထားသည့် အချိန်ထက် ပိုမို၍ ကြာနိုင်သည်။

" အမြန်ဆုံးလုပ်ပေးပါ "

မိုဝမ်ရှန် ထိုစကားကလွဲ၍ သူ့တွင် မည်သည့်ပြောစရာမှ မရှိချေ။ အဘယ့်ကြောင့်ဆိုသော် သူသည် အစီစဥ်များနှင့် ပတ်သက်၍ မည်သည့်အရာမှ မသိရှိသောကြောင့် ဖြစ်၏။ ဆရာသခင် ဟောင်ထျန်း၏ အချက်ပြမှုကို စော

င့်ဆိုင်းရန်မှတပါး သူ့တွင် ရွေးချယ်စရာမရှိပေ။

သူစိုးရိမ်သည့်အရာမှာ ကောင်းကင်ဘုံ ဇကေရာဇ်တောင်သို့ သန်မာသည့် ကျင့်ကြံသူများ ရောက်ရှိလာမည့်အရေးကို စိုးရိမ်ခြင်း ဖြစ်၏။ အချိန်ကြာကြာဆွဲလေ သူ့အတွက် အန္တရာယ်များလေ ဖြစ်သည်။

ထို့ပြင် နဂါးကိုးကောင်၏ သတ်ဖြတ်ခြင်းအော်ရာများက သူတို့တိုက်ခိုက်လေ ပိုမို၍ ပြင်းထန်လာလေဖြစ်ကာ ယခင်ကထက် ပို၍ သန်မာလာ၏။

" ဆရာသခင် ဟောင်ထျန်း ကျွန်တော်ကူညီမယ် "

ထိုအချိန်တွင် ချင်းချန် ရုတ်တရက် အရှေ့သို့ ပြေးထွက်လာ၏။

သူသည် ဟောင်ထျန်း၏ အရေးကြီးဆုံး အစီရင်အလံများတွင် အစီရင်အင်းကွက်များကို တိတ်တ ဆိတ်ထည့်သွင်းထားခဲ့သော်လည် ဟောင်ထျန်း၏ အစီရင်အခြေခံအုတ်မြစ်ကို ရှာဖွေသည့်နှုန်းက နှေးလွန်းသဖြင့် အလွန် ပျင်းစရာကောင်းနေသည်။

ထို့ကြောင့် သူ ထပ်မံ၍ စောင့်ဆိုင်းနိုင်ခြင်း မရှိတော့ပေ။

" မင်းက ဘာသိလို့လဲ၊ ဒီအဘိုးကြီးရဲ့အစီရင်အလံတွေကိုပဲ ပြန်ထိန်းချုပ်လာပြီးတော့ ဒုက္ခလာမပေးနဲ့ "

ဆရာသခင် ဟောင်ထျန်း၏ အမူအရာ ပြောင်းလဲသွား၏။ အစောပိုင်းအဆင့် ကိုးကောင်းကင် သိုင်းဇကေရာဇ် ကျင့်ကြံသူလေးက အဘယ့်ကြောင့် သူ၏ အစီရင်အား ဖျက်ဆီးသည့်နေရာတွင် အကူ အညီပေးနိုင်မည်နည်း။ ဒုက္ခမပေးလျှင်ပင် လုံလောက်လိမ့်မည် ဖြစ်သည်။

သို့သော် ချင်းချန် သူ၏ ပြောကြားမှုအား လျစ်လျူရှုထား၏။

" အုန်း "

မမြင်နိုင်သော စွမ်းအားတစ်ခုက ရုတ်တရက် ပေါက်ကွဲထွက်လာပြီး

ဆရာသခင် ဟောင်ထျန်း၏ မျက်လုံးအောက်တွင်ပင် အစီရင်အခြေခံ အုတ်မြစ် မြောက်များစွာထွက်ပေါ်လာသည်။

ဤသည်က ရိုးရှင်းစွာ တိုက်ရိုက် တိုက်ခိုက်ခြင်း ဖြစ်ကာ သူ၏ နည်းစနစ်ထက်ပင် ပို၍ ကောင်းမွန်လေ ၏။

ဆရာသခင် ဟောင်ထျန်း ရုတ်တရက် မျက်လုံးများ ပြူးကျယ်သွားသည်။

ထိုကလေးက မည်ကဲ့သို့သော နည်းစနစ်ကို အသုံး ပြုသွားသနည်း။

သူ ချက်ချင်းပင် ဝမ်းသာသွားကာ အစီရင်အလံများကို တစ်ခုပြီးတစ်ခု ပစ်လွှတ်လိုက်ပြီး အစီရင်၏ အခြေခံအုတ်မြစ် များပေါ်တွင် ချမှတ်လိုက်သည်။

" မင်းဆက်လုပ် "

ထို့နောက် သူ ချင်းချန်အား လောဘတက်နေသော မျက်လုံးများဖြင့် ကြည့်ပြီးအော်ပြောလိုက်၏။

ကိုးကောင်းကင် သိုင်းဧကရာဇ် အဆောပိုင်းအဆင့် ကျင့်ကြံသူက အစီရင် ပညာတွင် မည်မျှပင် အား ကောင်းပါစေ သူ့လိုအဆင့်ကိုး အစီရင်ပညာရှင် များထက် မပိုနိုင်ပေ။ သိသာထင်ရှားသည်မှာ သူ့တွင် အစီရင်တစ်ခု၏ အခြေခံအုတ်မြစ်များကို ဖော်ထုတ်နိုင်သော လျှို့ဝှက်နည်းစနစ်တစ်ခု ရှိရ ပေမည်။

၎င်းနည်းစနစ်က အစီရင်များကို လျင်မြန်စွာ ချိုးဖျက်နိုင်ရန်အတွက် အလွန်ပင် အထောက်အကူပြုပုံ ရ၏။

ထိုလျှို့ဝှက်နည်းစနစ်ကိုသာ သူရရှိသွားပါက သူ၏ အစီရင်ပညာရပ်မှာ အလွန်ပင် တိုးတက်ကာ မြင့်မားသွားမည် ဖြစ်သည်။

" ဒီကောင့်ကို အရင်အသုံးချရမယ်၊ ပြီးရင်အခွင့်အရေးရတာနဲ့ ရွှမ်ယွမ်

အင်ပါယာက သတ်ဖြတ်လိုက်ချင်ယောင် ဆောင်ပြီးတော့ ကျောင်းမိသားစု ဝင်တွေ အကုန်လုံးကို သတ်ဖြတ်ပစ်ရမယ်၊ ပြီးရင် ဒီလျှို့ဝှက်နည်းစနစ်က ငါ့လက်ထဲကို ရောက်လာမှာပဲ "

ဟောင်ထျန်း သူ၏ စိတ်ထဲတွင် တိတ်တဆိတ်ဖြင့် အစီစဥ်များကို ချမှတ်နေ၏။

ချင်းချန်၏ တိုက်ရိုက်တိုက်ခိုက်မှုနှင့်အတူ အစီရင်ပညာရှင်ဟောင်ထျ န်း၏ အစီရင်ကို ချိုးဖျက်မှုက သိသိသာသာကို တိုးတက်ကာ အလွန်ပင် မြန်ဆန်လာသည်။

အစီရင်အလံများက တစ်ခုပြီးတစ်ခု လွင့်ပျံနေပြီး နဂါးကိုးကောင်အစီရင် နှင့် ပေါင်းစပ်နေ၏။

အောက်ဘက်တွင်ရှိသော ကောင်းကင်ဘုံ ဧကရာဇ်တောင်ရှိ သန်မာ သော ကျင့်ကြံသူများ၏ မျက်နှာအမူအရာများက ပြောင်းလဲသွားကြသည်။

၎င်းတို့က ဉာဏ်နည်းသည့်သူများ မဟုတ်ပေ။ ဟောင်ထျန်းနှင့် ချင်းချန် တို့၏ လုပ်နေသည့် အရာများကို သူတို့ မျက်စိဖြင့် မြင်နိုင်၏။

" အကြီးအကဲတို့ အခုဘာလုပ်ကြမလဲ၊ ဒီလူနှစ်ယောက်က နဂါးကိုး ကောင်အစီရင်ကို အလျင်အမြန် ဖြိုခွဲနေတာ၊ သူတို့သာ အစီရင်ကို ဖျက်ဆီး သွားနိုင်မယ်ဆိုရင် "

" ဟုတ်တယ် အခုက တောင်သခင်ကလည်း ဒီမှာမရှိဘူး၊ အစီရင်သာ ပျက်စီးသွားရင် ငါတို့သူတို့ကို ခုခံကာကွယ်နိုင်မှာ မဟုတ်ဘူး "

ကောင်းကင်ဘုံ ဧကရာဇ်တောင်ရှိ သန်မာသော ကျင့်ကြံသူများ အားလုံး စိုးရိမ်တကြီးဖြင့် ပြောလိုက်ကြ၏။

" ဟုတ်တယ် နဂါးကိုးကောင် အစီရင်ကို အပျက်အစီးခံလို့မရဘူး "

ကိုးကောင်းကင် သိုင်းကျောင်းဇ နှောင်းပိုင်းကျင့်ကြံသူ လေးယောက်က နဂါးကိုးကောင်အစီရင်က ကောင်းကင်ဘုံ ဇကျောင်းတောင်၏ အရေးကြီးဆုံး အကာအကွယ်ခံစစ်စည်း ဖြစ်သည်ဆိုတာကို သူတို့သိရှိကြ၏။ ထို့နောက် တစ်ယောက်နှင့် တစ်ယောက် ပြတ်သားသော အကြည့်များဖြင့် ကြည့်လိုက်ကြသည်။

" မင်းတို့က အစီရင်ကို ဆက်ပြီးတော့ ထိန်းချုပ်ထား၊ ငါက သူတို့ကို ဝင်သတ်မယ် "

ထို့နောက် ချက်ချင်းပင် သိုင်းကျောင်းဇလေးပါး အစီရင်အား ကျန်လူများကို လွှဲပေး၍ ချင်းချန်တို့ သုံးယောက်ဆီသို့ တိုက်ရိုက် ပြေးဝင်သွားကြသည်။

***

## အပိုင်း ( ၁၉၁၂ )

" ကျူးကျော်သူတွေ သေစမ်း "

" အုန်း "

နဂါးကိုးကောင် အစီရင်အား ဖြိုခွဲရန်အတွက် အဓိကဦးဆောင်နေသည်မှာ သုံးယောက်ထဲတွင် ချင်းချန်ဖြစ်သည်ကို သူတို့အားလုံးသိရှိကြသည်။ ထို့အပြင် ချင်းချန်က သုံးယောက်ထဲတွင် ကျင့်ကြံအဆင့် အနိမ့်ဆုံးဖြစ်၏။ ထို့ကြောင့် ဧကရာဇ်နှစ်ပါးက ချင်းချန်ဆီသို့ တည့်တည့်မတ်မတ် ဝင်သွားပြီး ကျန်နှစ်ယောက်က ဟောင်ထျန်းနှင့် ဖုချန်းဂေါင်တို့ဆီသို့ ပြေးဝင်သွားသည်။

ဧကရာဇ်လေးပါးက လှုပ်ရှားလိုက်သည်နှင့် ကောင်းကင်ဘုံ ဧကရာဇ်တောင်ထဲရှိ သန်မာသော ကျင့်ကြံသူများအားလုံး မိုဝမ်ရှန်နှင့် ကျန်သူများအားလုံးကို ဝင်ရောက်မကူညီနိုင်အောင် နဂါးကိုးကောင် ဧကရာဇ်အစီရင်ကို ထပ်မံ၍ စွမ်းအားများ မြှင့်တင်လိုက်၏။

သူတို့၏ ချီအနှစ်သာရများ လောင်ကျွမ်းသွားခဲ့ကာ နဂါးကိုးကောင် အစီရင်ထဲသို့ တိုးဝင်သွားသည်။

ရုတ်တရင် ကျယ်လောင်သော နဂါးအော်သံများ ထွက်ပေါ်လာခဲ့ပြီး နဂါးကိုးကောင်က နဂိုကတည်း က ကြောက်မက်ဖွယ်ကောင်းသော အော်ရာများ ထွက်ပေါ်လာ၏။

သူတို့အားလုံးက ဧကရာဇ်လေးပါးအတွက် အခွင့်အရေးကို ဖန်တီးပေးလိုက်ခြင်းဖြစ်သည်။

" ဟမ့် မင်းတို့က ဖုံးကွယ်တိုက်ခိုက်ချင်တယ်ဆိုရင် ဒီအဘိုးကြီးကို အရင်မေး "

မိုဝမ်ရှန် အေးစက်စွာပြောလိုက်ပြီး တိုက်ရိုက်ပင် ဧကရာဇ်လေးပါးကို ဝင်ရောက်တားဆီးလိုက်၏။

" သူ့ကိုတား "

ဧကရာဇ်လေးပါး ဟိန်းဟောက်လိုက်ပြီး နှစ်ယောက်က မိုဝမ်ရှန်အား တားဆီးလိုက်ကာ ကျန်နှစ်ယောက်က မူလရည်ရွယ်ချက်ကို ဆက်လက်၍ အကောင်အထည်ဖော်လိုက်ကြသည်။

တစ်ချိန်ထဲမှာပင် သတ်ဖြတ်ခြင်း နဂါးလေးကောင်က ပိုမို၍ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားဖြင့် မိုဝမ်ရှန်ဆီသို့ တိုးဝင်လာသည်။

" အုန်း "

ဧကရာဇ်နှစ်ပါးနှင့် နဂါးလေးကောင်၏ တိုက်ခိုက်မှုက မိုဝမ်ရှန်အား ရပ်တန့်နိုင်လိုက်၏။

ကျန်သည့် ဧကရာဇ်နှစ်ပါးကတော့ ချင်းချန်၏ အရှေ့သို့ရောက်ရှိနေခဲ့ပြီဖြစ်သည်။

" မကောင်းတော့ဘူး "

လူတိုင်း၏ မျက်နှာအမူအရာ ပြောင်းလဲသွားကြ၏။ ဆရာသခင်ဟောင်ထျန်းတို့ သုံးယောက်စလုံး တစ်စုံတစ်ခု ဖြစ်ပျက်သွားပါက ယခင်က သူတို့ကြိုးစားခဲ့သမျှ အားလုံး အလကားဖြစ်သွားလိမ့်မည်။

ထိုကဲ့သို့ အရေးကြီးသည့် အခိုက်အတန့်တွင် ဖုချန်းဂေါင် ချင်းချန်၏ အရှေ့၌ ထွက်ပေါ်လာ၏။

ကြောက်မက်ဖွယ်ကောင်းသော သတ်ဖြတ်ခြင်းစွမ်းအားများက သူ၏ ခန္ဓာကိုယ်အနှံ့တွင် သိပ် သည်းလာပြီး သူသည် ကိုးကောင်းကင်သိုင်း ဧကရာဇ် နှောင်းပိုင်းအထွတ်ထိပ်အဆင့် ဧကရာဇ်နှစ်ပါးကို တစ်ယောက်တည်း ပိတ်ဆို့လိုက်သည်။

" သေချင်နေတာလား "

ဧကရာဇ်နှစ်ပါး ဟိန်းဟောက်လိုက်ပြီး လက်သီးလက်ဝါးဖြင့် ဖုချန်းဂေါင်အား ရိုက်ချလိုက်၏။

" အုန်း "

ကောင်းကင်တာအို စွမ်းအားလှိုင်းများက အဖက်ဖက်သို့ ပျံ့နှံ့သွားသည်။

ဧကရာဇ်နှစ်ပါးက နဂိုကတည်းက ကိုးကောင်းကင် သိုင်းဧကရာဇ် နှောင်းပိုင်းအထွတ်ထိပ်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်၏။ ယခုနဂါးကိုးကောင် အစီရင်၏ အားဖြည့်မှုအောက်တွင် သူတို့၏ခွန်အားက ပိုမို၍ တိုးတက်လာသည်။ ထိုလက်ဝါးရိုက်ချက်နှင့် လက်သီးရိုက်ချက်က ကမ္ဘာကြီးကို ဖျက်ဆီးနိုင်လောက်အောင် အစွမ်းထက်လှ၏။

သို့သော် ဖုချန်းဂေါင် ထိုနှစ်ယောက်အား အောင်မြင်စွာ တားဆီးလိုက်နိုင်သည်။

" အုန်း "

တိုက်ကွက်နှစ်ခုက ထိပ်တိုက်တွေ့ဆုံသွားပြီး ဖုချန်းဂေါင်၏ ပုံရိပ်က အနောက်သို့ ခြေလှမ်းနှစ်ဆယ်ခန့် ဆုတ်လိုက်ရ၏။

" ဘယ်လောက်တောင် ကြီးမားတဲ့ ခွန်အားလဲ "

မိုဝမ်ရှန် ဖုရှန်းကောင်တို့ကို တစ်ချိန်လုံး အာရုံစိုက်နေခဲ့ကာ ထိုအရာအား တွေ့လျှင် ထိတ်လန့်သွား၏။ သူသည် ဖုချန်းဂေါင်အား အာရုံစိုက်ခဲ့သော်လည်း ဖုချန်းဂေါင်၏ ခွန်အားက ယခုလောက်ထိ သန်မာနေမည်ဟု မထင်ထားခဲ့ပေ။

ကောင်းကင်ဘုံ ဧကရာဇ်တောင်၏ ကိုးကောင်းကင် သိုင်းဧကရာဇ်နှောင်းပိုင်းအဆင့် ကျင့်ကြံသူနှစ်ယောက်က နဂါးကိုးကောင်အစီရင်၏ အားဖြည့်ပေးမှုဖြင့် သာမန်ကိုးကောင်းကင်နှောင်းပိုင်း ကျင့်ကြံသူများထက် ပိုမို၍ သန်မာလှသည်။

သို့သော် ထိုနှစ်ယောက်စလုံးက ဂျောင်မိသားစုမှ ဂျောင်ဂေါင်စု၏ တားဆီးခြင်းကို ခံခဲ့ရ၏။ ထိုအရာအားကြည့်လျှင် ဂျောင်မိသားစုမှ ဂျောင်ဂေါင်စု၏ ခွန်အားက ကိုးကောင်းကင် သိုင်းဧကရာဇ်နှောင်းပိုင်း အထွတ်ထိပ် အဆင့်ထဲတွင်ပင် အလွန် သန်မာသည့် ကျင့်ကြံသူတစ်ယောက်ဟု ယူဆလို့ရသည်။ သူ၏ နှလုံးသားထဲတွင် မနာလိုမှုနှင့်အတူ အေးစက်မှုများ ပြည့်နှက်လာ၏။

ထိုကဲ့သို့သော သန်မာသည့် ကျင့်ကြံသူတစ်ယောက်က ဂျောင်မိသားစုတွင် မည်ကဲ့သို့ ပေါ်ပေါက်လာခဲ့သနည်း။ ထိုကဲ့သို့သော သန်မာသည့် ကျင့်ကြံသူတစ်ယောက်က မိုမိသားစုတွင်ဆိုလျှင် ဒုတိယမြောက် အာဏာရှိသော အကြီးအကဲတစ်ယောက် ဖြစ်လာပေမည်။

တစ်ချိန်ထဲမှာပင် သူ၏မျက်လုံးများက ချင်းချန်ဘက်သို့ အာရုံစူးစိုက်လိုက်၏။ အကြောင်းတစ်ခုခုကြောင့် သူ၏မသိစိတ်အရ ချင်းချန်အပေါ် နားမလည်နိုင်သော သတိထားမှုကို ခံစားနေရသည်။ ထိုအချိန်တွင် ဖုချန်ဂေါင်က အနောက်သို့ဆုတ်သွားသည်ကို အခွင့်ကောင်းယူကာ ဧကရာဇ်နှစ်ပါး ချက်ချင်းပင် ချင်းချန်အား လက်သီးဖြင့် ထိုးချလိုက်၏။

" အုန်း "

ချင်းချန် ထိုလက်သီးချက်အား ကာကွယ်လိုက်သော်လည်း သူ၏ခန္ဓာကိုယ်က မီတာရာနှင့်ချီ လွင့်ထွက်သွားကာ သွေးများစွာ အန်ထွက်သွားပြီး သူ၏အော်ရာကလည်း အားနည်းသွားသည်။ ပြင်းထန်သော ဒဏ်ရာရရှိသွားသည်မှာ သေချာလှသည်။

မိုဝမ်ရှန် အံ့အားသင့်သွားခဲ့ပြန်၏။ ချင်းချန်၏ ကျင့်ကြံအဆင့်က ကိုကောင်းကင်သိုင်းဧကရာဇ် အစောပိုင်း အထွတ်ထိပ်အဆင့်သာ ရှိသော်လည်း ကိုးကောင်းကင် သိုင်းဧကရာဇ် နှောင်းပိုင်းအဆင့် ကျင့်ကြံသူနှစ်ယောက်၏ တိုက်ခိုက်မှုအောက်၌ မသေပဲ ဒဏ်ရာပြင်းထန်စွာသာ ရရှိသွားသည်။ ထိုသူ၏ ခွန်အားကလည်း အလွန် သန်မာလှသည်မှာ ထင်ရှားလှ၏။

ဧကရာဇ်နှစ်ပါးသည်လည်း ချင်းချန်ကို သူတို့၏ အစွမ်းကုန်တိုက်ခိုက်မှု တစ်ချက်တည်းဖြင့် မသတ်နိုင်သဖြင့် အံ့အားသင့်ကာ ကြောင်အသွား၏။ သို့သော် သူတို့ ချက်ချင်းပင် သတိပြန်ဝင်လာကာ ရိပ်ခနဲလှုပ်ရှားသွားပြီး ချင်းချန်ဆီသို့ ထပ်မံတိုးဝင်သွားသည်။

" ကျောင်ချန် "

ကျောင်ဟုန်ချန် စိုးရိမ်စွာဖြင့် အော်ဟစ်လိုက်ပြီး မိုဝူရှန်ဘက်သို့ လှည့်ကြည့်ကာ ဒေါသတကြီးအော်ပြောလိုက်၏။

" မိုမိသားစုဘိုးဘေး နင်လူမကယ်ပဲ ဘာလုပ်နေတာလဲ "

မိုဝမ်ရှန် မချိပြုံးပြုံးလိုက်ကာ ...

" ဒီအဘိုးကြီးက ဒီမှာ လှုပ်တောင်မလှုပ်နိုင်ဘူး၊ ဘယ်သူ့ကို ငါက သွားကယ်နိုင်မှာလဲ "

သူသည် သတ်ဖြတ်ခြင်း နဂါးလေးကောင်နှင့် ကိုးကောင်းကင် သိုင်းဧကရာဇ် နှောင်းပိုင်းအဆင့် ကျင့်ကြံ သူနှစ်ယောက်ကို အစွမ်းကုန် ထိန်းချုပ်နေရခြင်းဖြစ်၏။

" နင်သူ့ကို မကယ်သေးရင် ကျောင်မိသားစုက ချက်ချင်း အနောက်ကို ပြန်ဆုတ်မယ်၊ ဒီတိုက်ပွဲမှာ လုံးဝ ဝင်မပါတော့ဘူး၊ နောက်ဆက်တွဲအကျိုး ရလဒ်ကို နင်သိတယ်မလား "

ကျောင်ဟုန်ချန်၏ ဒေါသထွက်သော အသံတွင် ပြတ်သားမှုများ ပါဝင်နေ၏။ မိုဝမ်ရှန်၏ အကြည့်က ချက်ချင်းပင် မေးစင်သွားသည်။ ကျောင်ဟုန်ချန်က သူ့ကို ခြိမ်းခြောက်ဝံ့သည်လား။

သို့သော်ကျောင်ဟုန်ချန်၏ လက်ရှိပုံစံက သူမပြောသည့်အတိုင်း ပြုလုပ်မည်ဆိုတာကို သူသိရှိလိုက်၏။

" အုန်း "

သူ၏ ခန္ဓာကိုယ်မှ သွေးစွမ်းအားများ ရုတ်ချည်းပင် ပေါက်ကွဲကာ ထွက်ပေါ်လာသည်။ ထို့နောက် ကမ္ဘာကြီးက အမှောင်ထုကျသွားခဲ့သလို အနက်ရောင်အော်ရာများ မိုဝမ်ရှန်၏ ခန္ဓာကိုယ်တစ်ခုလုံးမှ ရှူးသွပ်စွာ ထွက်ပေါ်လာ၏။

တစ်ခဏလေးပင် သူ၏ ကျင့်ကြံအဆင့်က သုံးဆယ်ရာခိုင်နှုန်းခန့် ပို၍ တိုးတက်သွားသည်။

" အုန်း "

သူသည် နဂါးလေးကောင်နှင့် ဧကရာဇ်နှစ်ပါးကို ချက်ချင်းပင် ထိုးဖောက်ကာ ချင်းချန်အား တိုက် ခိုက်ရန်ပြေးဝင်သွားသော ဧကရာဇ်နှစ်ပါးအား လက်ဝါးဖြင့် ရိုက်ချလိုက်၏။

" အုန်း "

ဧကရာဇ်တစ်ပါးသည် သူ၏ ခန္ဓာကိုယ်က အနက်ရောင် အမှောင်ထု၏ ထိန်းချုပ်ခြင်း ခံလိုက်ရသည်။ နောက်တစ်ယောက်ကတော့ မိုဝမ်ရှန်၏ လက်ဝါးရိုက်ချက်ကြောင့် လွင့်ထွက်သွား၏။ ချင်းချန်၏ မျက်လုံးများ မှေးစင်းသွားသည်။ မိုဝမ်ရှန်က သူမျှော်လင့်ထားသည့် အတိုင်းပင် သူ၏ ခွန်အားကို အမှန်တကယ်ပင် ဖုံးကွယ်ထား၏။

ထို့အပြင် သူ၏ ခန္ဓာကိုယ်တွင် ထွက်ပေါ်နေသော အနက်ရောင်အမှောင်ထုက ကမ္ဘာခြားနတ်ဆိုးများ၏ ကျင့်စဥ်တစ်မျိုး ဖြစ်ပုံရသည်။

" ဆရာသခင် ဟောင်ထျန်း အချိန်ဘယ်လောက် ကြာနိုင်သေးလဲ "

မိုဝမ်ရှန် သူ၏ စွမ်းအားကို အကုန်အစင် ထုတ်သုံးလိုက်ပြီ ဖြစ်သဖြင့် အစီရင်ပညာရှင် ဟောင်ထျန်အား စိုးရိမ်တကြီး လှမ်း၍မေးလိုက်၏။ ထို့နောက် သူ၏ ခန္ဓာကိုယ်မှ အဆုံးမဲ့ တာအိုစွမ်းအားများ သိပ်သည်းစွာ ထွက်ပေါ်လာပြီး အနက်ရောင် စွမ်းအင်၏ အောက်တွင် ဧကရာဇ်လေးပါးက တစ်ယောက်ပြီးတစ်ယောက် လွင့်ထွက်သွားကာ နဂါးများလည်း လွင့်ထွက်သွား၏။

" ပြီးတော့မယ် "

ထိုအချိန်တွင် ဆရာသခင်ဟောင်ထျန်း၏ မျက်လုံးများက လင်းလက်တောက်ပလာခဲ့ပြီး သူ၏ လက်ကို မြှောက်လိုက်သောအခါ အဆုံးမဲ့သော အစီရင်အလံများက လေထုထဲသို့ ပစ်လွင့်သွား၏။

" အုန်း အုန်း အုန်း "

နဂါးကိုးကောင်အစီရင်က ပြင်းထန်စွာ တုန်ခါလာကာ သတ်ဖြတ်ခြင်း နဂါးများကလည်း ယိုင်နဲ့လာသည်။

ကောင်းကင်ဘုံ ဇေကရာဇ်တောင်ရှိ ကျင့်ကြံသူများ ၏ မျက်နှာများ ပျက်ယွင်းသွား၏။

ထိုအချိန်တွင် ဇေကရာဇ်လေးပါးက အေးစက်စွာဖြင့် အော်ဟစ်လိုက်သည်။

" နဂါးကိုးကောင် ဇေကရာဇ်အစီရင်ကို ထိန်းချုပ်ဖို့အတွက် အဲ့လောက်လွယ်တယ် ထင်နေတာလား "

အသံဆုံးသွားသည်နှင့် သူတို့၏ လက်ထဲမှ တံဆိပ်ပြားလေးခုက ထွက်ပေါ်လာပြီး လေထုထဲတွင် ပေါင်းစည်းသွားကာ အစီရင်ထဲသို့ နစ်ဝင်သွား၏။

ထို့နောက် ပြင်းထန်စွာ တုန်ခါရမ်းနေသော နဂါးကိုးကောင်အစီရင်က ပြန်လည်၍ ငြိမ်သက်သွားသည်။

ဟောင်ထျန်း၏ အစီရင်အား ထိန်းချုပ်ခြင်းက လုံးဝအောင်မြင်ခဲ့ခြင်းမရှိပေ။ ထိုအရာကလည်း သဘာဝသာ ဖြစ်၏။ နဂါးကိုးကောင်အစီရင်အား အလွယ်တကူသာ ထိန်းချုပ်နိုင်မည်ဆိုလျှင် ကောင်းကင်ဘုံ ဇေကရာဇ်တောင်က အစောကြီးကတည်းက ပျောက်ကွယ်သွားမည်ဖြစ်သည်။

ကျောင်မိသားစုနှင့် မိုမိသားစုမှလူများ၏ မျက်နှာများ ပျက်ယွင်းသွား၏။

အစီရင်ပညာရှင် ဟောင်ထျန်း၏ မျက်နှာသည်လည်း အလွန်ပင် ပျက်ယွင်းသွားသည်။ အချိန်အတော်ကြာအောင် ပြင်ဆင်ခဲ့သော်လည်း အစီရင်အား ထိန်းချုပ်ခြင်း၌ ကျရှုံးခဲ့၏။ သူသည် စိတ်ပျက်သွားသော်လည်း သူ၏ မျက်လုံးထဲရှိ ယုံကြည်မှုများကတော့ ပြောင်းလဲခြင်းမရှိသေးပေ။

" ဒီအဘိုးကြီးရဲ့ ရည်ရွယ်ချက်က နဂါးကိုးကောင်အစီရင်ကို ထိန်းချုပ်ဖို့

အတွက်ပဲလို့ ထင်နေတာလား၊ ဟာသပဲ ထိန်းချုပ်မှု အစီစဉ် မအောင်မြင်မှတော့ ဒုတိယအစီစဉ်ကို သုံးရတာပေါ့ "

သူ၏ စကားဆုံးသည်နှင့် ကြောက်စရာကောင်းသော ပုလဲတစ်လုံးက လေထုထဲတွင် ထွက်ပေါ်လာ၏။

ထို့နောက် အစီရင်ပညာရှင် ဟောင်ထျန်း၏လက်မှ မရေတွက်နိုင်သော အစီရင်ရဏ်းများ ထွက်ပေါ်လာပြီး ပုလဲတစ်လုံးနှင့် ပေါင်းစပ်သွားကာ နဂါးကိုးကောင်အစီရင်၏ အူတိုင်ထဲသို့ ချက်ချင်းပင် ပြေးဝင်သွားသည်။

ပုလဲမှ ရဏ်းပေါင်းမြောက်များစွာ ထွက်ပေါ်လာခဲ့ပြီး အစီရင်၏ အူတိုင်ကို ဖုံးလွှမ်းသွား၏။

" ဘိုးဘေး အဲ့ဒီအနက်ရောင် နဂါးကိုသတ်လို့ရပြီ "

အစီရင်ပညာရှင် ဟောင်ထျန်း မိုဝမ်ရှန်အား ကျယ်လောင်စွာ လှမ်းအော်၍ ပြောလိုက်၏။

" ဒီသတ်ဖြတ်ခြင်းနဂါးရဲ့ စွမ်းအားအရင်းအမြစ်ကို ချုပ်နှောင်ထားပြီးပြီ၊ သူ့ကို သတ်လိုက်ရင် ပြန်ပြီးရှင်သန်လာဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး "

***